# အပတ်စဉ်ထုတ်ပြန်ချက် ၂၀၂၂ ခုနှစ် မတ်လ ၂၈ ရက်နေ့မှ ဧပြီလ ၃ ရက်နေ့အထိ

- အကျဉ်းချုပ်
- လူ့အခွင့်အရေး ချိုးဖောက်မှုများ
- မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ
- နေ့စွဲအလိုက် မှတ်တမ်းများ

လူ့ အ ခွင့် အ ရေး မှတ် တမ်း ကွန် ရက် ( မြန် မာ နိုင် ငံ )

အပတ်စဉ်ထုတ်ပြန်ချက်ကြည့်ရန်

# မြန်မာနိုင်ငံတွင် အခြေခံအခွင့်အရေးများကို အကာအကွယ် ပေးရမည်။ လူငယ်များသည် ပစ်မှတ်မဟုတ်ပါ။

## အကျဉ်းချုပ်

၁,၇၂၃+ သတ်ဖြတ်ခံရ

၁၃,၉၄၇+ ဖမ်းဆီးခံခဲ့ရ

၁၀,၀၀၇+ ချုပ်နှောင်ခံထားရဆဲ

၁,၉၇၆+ ဖမ်းဝရမ်းထုတ်ခံရ

စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြရာတွင် ပါဝင်မှုကြောင့် အကြမ်းဖက်စစ်ခုံရုံးတွင် သေဒဏ်ချမှတ်ခံရသော ၁၀၃ မှုအပါအဝင် တရားမျှတမှုမရှိသော ပြစ်ဒဏ်ချခံရမှုများ တိုးလာနေသည်။ နေ့စဉ် ဖမ်းဆီးချုပ်နှောင်ခံထားမှုနှင့် ပျောက်ဆုံးမှုများသည် တိုင်းပြည်တွင်း စိုးရိမ်ပူပန်မှုများကိုသာ ဆက်လက်ဖြစ်ပေါ်စေသည်။ စစ်အာဏာရှင်သည် ၎င်းတို့အား ဆန့်ကျင်တွန်းလှန်နေသည့် တော်လှန်ရေး အင်အားစုများအားလုံးကို အပြီးတိုင် ချေမှုန်းသွားမည်ဟု ကြုံးဝါးပြောဆိုခဲ့သည်။ အာဏာရှင်စနစ်ကို ဆန့်ကျင်သူများကို တင်းကြပ်ရန် လူငယ်များကို ဖမ်းဆီးထောင်ချသည့် လမ်းကြောင်းတစ်ခု အနေဖြင့် အသုံးချခဲ့သည်။ မြန်မာနိုင်ငံတဝှမ်းတွင် ထောင်နှင့်ချီ၍ အကျဉ်းချခံနေရပြီးအများစုမှာ အပြင်းထန်ဆုံး ပြစ်ဒဏ်များ ရင်ဆိုင်နေရသော လူငယ်များ ဖြစ်ကြပါသည်။ တက်ကြွလှုပ်ရှားသူ ၁၇၅ ဦးကို သေဒဏ်ချမှတ်ခြင်း သို့မဟုတ် ဆယ်နှစ်ကြာထောင်ဒဏ်များ ချမှတ်ခြင်းခံနေရပြီး အများစုမှာ အသက် ၂၃ နှစ်မှ ၂၇ နှစ်ကြား လူငယ်များ ဖြစ်သည်။ စစ်အုပ်စုသည် နွေဦးတော်လှန်ရေး၏ စွမ်းအားကို သိရှိပြီး ၎င်းကြောင့် ခြိမ်းခြောက်ခံရသည်မှာ သိသာထင်ရှားသည်။

နိုင်ငံရေး အကျဉ်းသားများ အားလုံးကို လွှတ်ပေးရန် တောင်းဆိုမှုများ ကြီးထွားလာနေသည့်ကြား  ဆိုးရွားလှသော ထောင်တွင်းအခြေအနေများကို ND-Burma ၏ အဖွဲ့ဝင် အဖွဲ့အစည်း ဖြစ်သော နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်ရေးအသင်း AAPPမှ မှတ်တမ်းပြုခဲ့သည်။ မကြာသေးမီက AAPP ထုတ်ပြန်ခဲ့သော "မတရား စစ်အာဏာလုချိန်မှ အစပြု၍ ရင်ဆိုင်နေရသည့် နိုင်ငံရေးအကျဉ်းသားများ၏ စစ်ကြောရေး၊ တရားစီရင်ရေးနှင့် အကျဉ်းစံ အတွေ့အကြုံများ" အစီရင်ခံစာတွင် စစ်အာဏာသိမ်းမှုနောက်ဆက်တွဲ အနေဖြင့် နိုင်ငံရေးအကျဉ်းသားများသည် ဥပဒေမဲ့  ပြစ်ဒဏ်ချခံရခြင်းနှင့် မတရားဖမ်းဆီးခံရခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ တိုင်းပြည်အနှံ့ ဖြစ်ပွားနေကြောင်းကို ဖော်ထုတ်ခဲ့သည်။

နိုင်ငံတကာမှ အသိအမှတ်ပြုထားသော လူ့အခွင့်အရေးဥပဒေကို ကျင့်သုံးသူများအား ပြစ်ဒဏ်ပေးရန် တရာဥပဒေစိုးမိုးရေးကို စစ်အုပ်စုသည် ဆန့်ကျင်လုပ်ဆောင်နေပြီး ၎င်းတို့ကိုယ်တိုင် အပြစ်ပေးနိုင်မည့် ဥပဒေသစ်များကိုလည်း ပြဋ္ဌာန်းခဲ့သည်။

ယခုအခါတော်လှန်ရေး အင်အားစုများကို တိုက်ခိုက်ချေမှုန်းရန် ရဲတပ်ဖွဲ့ဝင်များကို ရှေ့တန်းသို့ ပို့ဆောင်နိုင်သည့် ဥပဒေသစ်တစ်ရပ်ကို စစ်အုပ်စုမှ ပြဋ္ဌာန်းလိုက်သည်။ ပြီးခဲ့သည့်လများတွင် အကြမ်းဖက် စစ်အုပ်စုသည် တပ်အတွင်း ရာထူးအသီးသီးရှိ စစ်သားတို့၏ ဇနီးနှင့် သားသမီးများကို လက်နက်ကိုင်ဆောင် ခိုင်းစေခဲ့သည်။ စစ်အုပ်စုတို့၏ လုပ်ဆောင်ချက်များသည် တိုက်ပွဲများအတွင်း အသေအပျောက်၊ အကျအဆုံးများသောကြောင့်ဖြစ်ပြီး အထူးသဖြင့် ချင်းပြည်နယ်နှင့်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အကြမ်းဖက်စစ်တပ်တို့၏ ထိုးစစ်ဆင်မှုများကို ဆက်လက်ခုံခံ တိုက်ခိုက်နေသည်။

**နိုင်ငံရေးအကျဉ်းသားများကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရမည်။**

# လူ့အခွင့်အရေးချိုးဖောက်မှုများ

အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်း
နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခြင်း
စီးနင်းတိုက်ခိုက်ခြင်း

**မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်** – အကြမ်းဖက်စစ်တပ်မှ ဆက်တိုက်ဝင်ရောက် တိုက်ခိုက်မှုကြောင့် ကျေးရွာ ၃ ရွာပျက်ဆီးခဲ့သည်။ ချောင်းကောက်ရွာ၊ သာစည်ရွာနှင့် မိုးစိုရွာကို အကြမ်းဖက်စစ်တပ်မှ မီးရှို့ဖျက်ဆီးခဲ့သည်။ အိမ်ခြေအားလုံးနီးပါးပျက်ဆီးခဲ့ပြီး အရပ်သားများကို ညှဉ်းပန်းနှိပ်စက်ကာ အိမ်မွေး တိရစ္ဆာန်များကိုလည်း ယူဆောင်သွားခဲ့သည်။

**ချင်းပြည်နယ် ဟားခါး** – အကြမ်းဖက်စစ်တပ်မှ နေအိမ် ၄၅ လုံးကျော်နှင့် ဘုရားကျောင်းများကို လုယက်ဖျက်ဆီး ဖောက်ထွင်းခဲ့ကြောင်း ချင်းလူ့အခွင့်အရေးအဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။

**မန္တလေးနှင့် ရောဝတီတိုင်း ဒေသကြီး** – သတင်းသမားနှစ်ဦးကို လှုံ့ဆော်မှုဖြင့် တရားစွဲဆိုပြီး စစ်ခုံရုံးအသီးသီးမှ ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့သည်။ သက်ဆိုင်ရာ သတင်းဌာနများမှ သတင်းသမားနှစ်ဦးအား လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

**ကရင်ပြည်နယ် မြဝတီမြို့နယ်**– မြန်မာစစ်တပ်မှ ထိုင်း–မြန်မာနယ်စပ်တလျှောက်ရှိ ကျေးရွာများကို ဆက်လက်တိုက်ခိုက်ခဲ့သောကြောင့် ထောင်နှင့်ချီသောဒေသခံပြည်သူများ သောင်ရင်းမြစ်ကြောင်းတလျှောက်တွင် ယာယီခိုလှုံရန် ထွက်ပြေးခဲ့ကြရသည်။

**မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်မြို့နယ်** – ပြည်သူ့ကာကွယ်ရေးတပ်များနှင့် ဆက်စပ်မှုရှိသည်ဟု စွပ်စွဲကာ အကြမ်းဖက်စစ်တပ်မှ မတရားဖမ်းဆီး ထိန်းသိမ်း ညှင်းပန်းနှိပ်စက်ခြင်း ခံခဲ့ရသူများထဲတွင် အသက်ဆယ့်တစ်နှစ်အရွယ် ကလေးငယ်တစ်ဦးလည်းပါဝင်ခဲ့သည်။ ကြုံတွေ့ရမည့် အကျိုးဆက်ကို ကြောက်ရွံ့သောကြောင့် ၎င်းမိသားစုမှ ဆေးကုသရန် ဆေးရုံသို့ မသွားခဲ့ပေ။

**မွန်ပြည်နယ်၊ သထုံမြို့နယ် ရွှေရောင်ပြ ကျေးရွာ** – မတ်လ ၂၉ ရက်နေ့တွင် ကလေးငယ်နှစ်ဦးသည် သုံးဘီးယာဉ်တွင် လိုက်ပါစဉ် အကြမ်းဖက်စစ်တပ်၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ အသက် ၄၀ အရွယ် အမျိုးသားတစ်ဦး ဖမ်းဗိုက်တွင်လည်း ကျည်ထိမှန် ဒဏ်ရာရခဲ့သည်။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

မြန်မာနိုင်ငံတဝှမ်း လူဦးရေ ၈၈၉,၉၀၀ ခန့်သည် မတည်ငြိမ်မှုများနှင့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရဆဲဖြစ်သည်။

## ချင်းပြည်နယ်

မြန်မာနိုင်ငံတစ်ဝှမ်း ကျေးရွာထောင်ပေါင်းများစွာနှင့် လူနေအိမ်များကို ဖျက်ဆီးခဲ့မှုအတွက် မြန်မာစစ်တပ်တွင် တာဝန်ရှိသည်။ ဘေးကင်းလုံခြုံရေးအတွက် ပြည်သူများခိုလှုံသည့် နေရာများဖြစ်သော ဘုရားရှိခိုးသည့်နေရာများအား စိတ်ခါတ်ပျက်ပြားစေရန် ရည်ရွယ်၍ ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## ကရင်ပြည်နယ်

မြန်မာစစ်တပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် KNLA တို့အကြား တိုက်ပွဲများကြောင့် သောင်ရင်းမြစ်ကြောင်းတလျှောက်ရှိ ယာယီစခန်းများတွင် ခိုလှုံနေသာ ဒေသခံ ထောင်နှင့်ချီ ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ကြရသည်။

**ထပ်မံဖတ်ရှုရန်**

## စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ထိုးစစ်တိုက်ခိုက်မှုများ ရပ်တန့်မှုမရှိသောကြောင့် အရပ်သားများ နေ့စဉ် ထွက်ပြေးတိမ်းရှောင်နေရသည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွင် ပါဝင်ခဲ့ကြသူများသည် မိမိတို့ရပ်ရွာရှိပြည်သူများအား ကာကွယ်စောင့်ရှောက်ရန် ၎င်းတို့၏ ရဲစွမ်းသတ္တိ နှင့် ပြင်းပြသော ဆန္ဒဖြင့် ခုခံကာကွယ်လျက်ရှိသည်။

**ထပ်မံဖတ်ရှုရန်**



# ချင်းပြည်နယ်

မြန်မာနိုင်ငံတစ်ဝှမ်း ကျေးရွာထောင်ပေါင်းများစွာနှင့် လူနေအိမ်များကို ဖျက်ဆီးခဲ့မှုအတွက် မြန်မာစစ်တပ်တွင် တာဝန်ရှိသည်။ ဘေးကင်းလုံခြုံရေးအတွက် ပြည်သူများခိုလှုံသည့် နေရာများဖြစ်သော ဘုရားရှိခိုးသည့်နေရာများအား စိတ်ဓါတ်ပျက်ပြားစေရန် ရည်ရွယ်၍ ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်ခံခဲ့ရသည့်အထဲတွင် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာဝင်များ အထွဋ်အမြတ်ထားရာနေရာနှင့် အဆောက်အအုံ ၁၀၀ ကျော် ပါဝင်ခဲ့သည်။ ချင်းပြည်နယ်တွင် ဘုရားကျောင်း ၃၅ လုံးနှင့် စက်စပ် အဆောက်အအုံ ၁၅ လုံး ဖျက်ဆီးခဲ့ရသည်။ ND-Burma၏ ဆက်စပ်အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သည့် ချင်းလူ့အခွင့်အရေးအဖွဲ့၏ အဆိုအရ အကြမ်းဖက်စစ်အုပ်စုသည် အပြစ်မဲ့ပြည်သူများကို ဆက်လက် အကြမ်းဖက်နေသည်။ ယခုတစ်ပတ်အတွင်း မတ်လ ၂၉ ရက်နေ့တစ်ရက်ထဲတွင်ပင် နေအိမ် ၄၇ လုံးနှင့် ဘုရားကျောင်းများ ဖောက်ထွင်းဖျက်ဆီးခြင်ခံခဲ့ရပြီး အိမ်မွေးတိရိစ္ဆာန်များကို အကြမ်းဖက်စစ်တပ်မှ စိတ်တိုင်းကျ ယူဆောင်သတ်ဖြတ်ခဲ့သည်။ ပစ္စည်းများသိမ်းဆည်း ဖျက်ဆီးမှုများကြောင့် မည်သည့်နေရာမှ လုံခြုံမှုမရှိကြောင်း အရပ်သားများ ခံစားစေသည်။

စစ်တပ်မှ ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေသော ချင်းပြည်နယ်တောင်ပိုင်းဒေသ မတူပီတွင် မတ်လ ၃၀ ရက်နေ့ မနက် ၇:၁၅ တွင် တိုက်ပွဲများ ထပ်မံဖြစ်ပွားခဲ့သည်။ စစ်အင်အားများ ထပ်မံတိုးချဲ့ချထားခြင်းသည် အတိုက်အခံတော်လှန်ရေးအင်အားစုများကို ဥပဒေမဲ့ စစ်ပွဲများ ဆက်လက်ဆင်နွှဲရန်ဖြစ်သည်။



# ကရင်ပြည်နယ်

မြန်မာစစ်တပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် KNLA တို့အကြား တိုက်ပွဲများကြောင့် သောင်ရင်းမြစ်ကြောင်းတလျှောက်ရှိ ယာယီစခန်းများတွင် ခိုလှုံနေသာ ဒေသခံထောင်နှင့်ချီ ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ကြရသည်။ စားနပ်ရိက္ခာနှင့် ထောက်ပံ့ရေး လိုအပ်ချက်ကို ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများမှ ဖြည့်ဆည်းပေးလျက်ရှိသော်လည်း လမ်းကြောင်းများ ပိတ်ဆို့မည်ကို စိုးရိမ်နေရသည်။ ထောင်ပေါင်းများစွာသောပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် ရှာဖွေနေချိန်တွင် ထိုင်းအစိုးရ တာဝန်ရှိသူများမှ ဒုက္ခသည်များကို ပြန်ပို့ရန် တွန်းအားပေးနေသည့် သတင်းများက ပို၍ပင် စိုးရိမ်မှုများကို ဖြစ်ပေါ်စေခဲ့သည်။

ထွက်ပြေးလာသူအများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြပြီး နေစရာနှင့် စားနပ်ရိက္ခာများ အလွန်အမင်းလိုအပ်လျက်ရှိသည်။ ပိုမိုးဆိုးရွားလာသော ပဋိပက္ခများကြောင့် စစ်ဘေးရှောင်များ အခက်အခဲများ ပိုမိုကြုံတွေ့ရနိုင်သည့်အတွက် စိုးရိမ်ကြောင်း အကူအညီပေးသူများမှ ထုတ်ဖော်ပြောကြားခဲ့သည်။ မကြာသေးမီရက်သတ္တပတ်များအတွင်း ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် အရပ်သားများ သေဆုံးကာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့၏ နေအိမ်များ၊ တိရစ္ဆာန်များနှင့် ပစ္စည်းများလည်း ပျက်စီးခဲ့သည်။ မတ်လ (၂၇)ရက်နေ့ တော်လှန်ရေးနေ့တွင် မူတြော်နှင့် ဒူးပလာယာခရိုင်များတွင် လေကြောင်းဖြင့် ပြင်းထန်စွာတိုက်ခိုက်မှုများကို ရှုတ်ချခဲ့သည့် ကရင်အရပ်ဘက်အဖွဲ့အစည်းများထဲတွင် အပြည်ပြည်ဆိုင်ရာ ကရင်အဖွဲ့အစည်း (IKO) ပါဝင်ခဲ့သည်။ IKO ၏ အဆိုအရ ကရင်ပြည်နယ်တစ်ခုတည်းတွင် လူပေါင်း ၁၅၀,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏ နောက်ဆုံးထုတ်ပြန်ခဲ့သော လူ့အခွင့်အရေးအခြေအနေ လေ့လာသုံးသပ်မှု အစီရင်ခံစာ သတင်းထုတ်ပြန်ချက်တွင် ၂၀၂၀ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း လက်နက်ကိုင်ပဋိပက္ခများ၊ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများ ပြင်းထန်လာခြင်းနှင့် အဓမ္မစေခိုင်းမှု၊ လူသားဒိုင်းအသုံးပြုမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှု၊ ခိုးမှုနှင့် လုယက်မှု၊ ကရင်ပြည်နယ်တွင် မြေမြှုပ်မိုင်းများ မြှုပ်နှံမှုများအပါအဝင် ကျယ်ပြန့်သောလူ့ အခွင့်အရေးချိုးဖောက်မှုများအကြောင်းကို တွေ့ရသည်။



# စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ထိုးစစ်တိုက်ခိုက်မှုများ ရပ်တန့်မှုမရှိသောကြောင့် အရပ်သားများ နေ့စဉ် ထွက်ပြေးတိမ်းရှောင်နေရသည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွင် ပါဝင်ခဲ့ကြသူများသည် မိမိတို့ရပ်ရွာရှိပြည်သူများအား ကာကွယ်စောင့်ရှောက်ရန် ၎င်းတို့၏ ရဲစွမ်းသတ္တိ နှင့် ပြင်းပြသော ဆန္ဒဖြင့် ခုခံကာကွယ်လျက်ရှိသည်။ စစ်ကိုင်းဒေသကြီး အရာတော်မြို့နယ်တွင် PDF တပ်ဖွဲ့ဝင်နှစ်ဦးသည် အကြမ်းဖက်စစ်တပ်၏ စီးနင်းမှုမတိုင်မီ အဆိုပါဒေသရှိပြည်သူများကို ကာကွယ်ရန် ကြိုးပမ်းခဲ့သည်။ အကြမ်းဖက်စစ်တပ်မှ နယ်မြေစိုးမိုးရန် အကြမ်းဖက်ပြီးနောက် ဖမ်းဆီးသတ်ဖြတ်ခံခဲ့ရသူ နှစ်ဦးကိုတွေခဲ့ရသည်။ ဖမ်းဆီးသတ်ဖြတ်ခြင်းမခံရမီ ရိုင်ဖယ်သေနတ်ဖြင့် ရိုက်နှက်နှိပ်စက်ခဲ့သည်။ သေဆုံးသူများ၏ ခြေထောက်များလည်း ကျိုးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အင်တာနက်နှင့် တယ်လီဖုန်းဆက်သွယ်ရေးလိုင်းများ ပိတ်ထားခံရပြီး ထိုသို့ဖြတ်တောက်ခံရမှုနောက်တွင် အကြမ်းဖက်စစ်တပ်မှ လူ့အခွင့်အရေးချိုးဖောက်မှုများကို ရဲရဲတင်းတင်း ပိုမိုကျူးလွန်ဖွယ်ရှိသည်။

# နေ့စွဲအလိုက် မှတ်တမ်းများ

၂၀၂၂ ခုနှစ်
မတ်လ နောက်ဆုံးပတ်နှင့်
ဧပြီလ ပထမပတ်
မတ်လ ၂၃ - ဧပြီလ ၃

## မတ်လ

**၂၈** ND-Burma နှင့် ၎င်းတို့၏ အဖွဲ့ဝင်အဖွဲ့အစည်းများ အပါအဝင် အရပ်ဘက်အဖွဲ့အစည်း ၃၅၀ ကျော်တို့မှ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ဆုံးဖြတ်ချက်ကိုထုတ်ပြန်ပြီးနောက် အရေးပေါ် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် အမေရိကန် အစိုးရအား တောင်းဆိုခဲ့သည်။

**၂၉** တူရကီနိုင်ငံ၊ အစ္စတန်ဘူလ်တွင် အပြစ်မဲ့အရပ်သားများအား ညှဉ်းပန်းနှိပ်စက်မှုအတွက် မြန်မာစစ်တပ်အား ရာဇဝတ်မှုဆိုင်ရာ စွဲချက်တင်ခဲ့သည်။

**၃၀** မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ရှေ့တန်းတိုက်ပွဲဝင်ရန် တွန်းအားပေးမည့် ဥပဒေသစ်တစ်ရပ်ကို မြန်မာစစ်တပ်မှ ပြဋ္ဌာန်းခဲ့သည်။ စစ်အုပ်စုသည် စစ်သည်များ၏ ဇနီးနှင့် သားသမီးများကို လက်နက် ကိုင်ခိုင်းစေခဲ့သည်။

**၃၁** မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Noeleen Heyzer သည် ကမ္ဘောဒီးယား အာဆီယံ အထူးကိုယ်စားလှယ်နှင့်ဖနွမ်းပင်တွင်တွေ့ဆုံခဲ့သည်။

## ဧပြီလ

**၁** အသက် ၁၉ နှစ်အရွယ် တက္ကသိုလ်ကျောင်းသူအား စစ်အာဏာရှင်မှ ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့သည်။ မဆောင်းနှင်းဖြူအား PDF အား ထောက်ပံ့မှုဖြင့် ဩဂုတ် ၂၂ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။

**၂** နောက်ထပ် လူငယ် ရှစ်ဦးကို စစ်ဘက်ဆိုင်ရာ တရားရုံးများတွင် သေဒဏ်ချမှတ်ခဲ့သည်။

**၃** ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်ရှိ ရွာသားများ၏ နေအိမ် ၁၁ လုံးကို အကြမ်းဖက်စစ်တပ်မှ မီးရှို့ခဲ့သည်။ မျက်မြင်သက်သေများ၏ ပြောကြားချက်အရ အရပ်သားများကို မတရားဖမ်းဆီး၍ လူသားဒိုင်းများအဖြစ်လည်း အသုံးပြုခဲ့သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma